FMI

## DIGITAL MONEY MYANMAR LIMITED ရှိ အစုရှယ်ယာများအား ဝယ်ယူခဲ့ခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ” နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ၊ “ကုမ္ပဏီအုပ်စု”) ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာဝယ်ယူရာတွင် သဘောတူညီကြမည့် နောက်ဆုံးစည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို လိုက်နာလျက် Digital Money Myanmar Limited (“Digital Money Myanmar”) တွင် ရင်းနှီးမတည်ခြင်း အနေဖြင့် အစုရှယ်ယာထည့်ဝင်မှု၏ ၄၄.၀% ကိုကိုယ်စားပြုသည့် စုစုပေါင်းမူရင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၄,၀၅၉,၀၀၀) တန်ဖိုးရှိသော သာမန်အစုရှယ်ယာ (၄၄၀,၀၀၀) နှင့် ဦးစားပေးအစုရှယ်ယာ (၃,၆၁၉,၀၀၀) တို့အား ရိုးမဘဏ်လီမိတက် (“Yoma Bank”) ထံမှ ကုမ္ပဏီက အမြန်ဝယ်ယူခဲ့ခြင်းကို အသိပေးကြေညာလိုပါသည်။

Yoma Bank Limited, Telenor Southeast Asia Investment Pte. Ltd နှင့် Telenor ကုမ္ပဏီနှစ်ခု (ကုမ္ပဏီနှစ်ခုအား စုစည်း၍ “Telenor Group” ဟု ခေါ်ပါမည်) တို့အကြား ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့ ရက်စွဲပါ အစုရှယ်ယာရှင်များ သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းဖြင့် ဘဏ္ဍာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ သတ်မှတ်ထားသော အခြေတည်စ စည်းမျဉ်းစည်းကမ်းများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းကမ်းချက်များအား လိုက်နာခြင်းနှင့်အညီ Digital Money Myanmar ၏ အစုရှယ်ယာရှင်များသည် ရိုးမဘဏ်မှ Digital Money Myanmar တွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာ ၄၄.၀% အား FMI ကုမ္ပဏီမှ ဝယ်ယူခြင်းကို သဘောတူခဲ့ပါသည်။

ဤကြေငြာချက်ထုတ်ပြန်သည့်ရက်တွင် FMI ကုမ္ပဏီ၊ ရိုးမဘဏ်နှင့် Telenor Group တို့သည် ကုမ္ပဏီ၏ Digital Money Myanmar တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ တိကျသောစည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့် အစုရှယ်ယာဝယ်ယူမှု တန်ဖိုးအား မူရင်းတန်ဖိုး သို့မဟုတ် သင့်တော်သော ဈေးကွက်တန်ဖိုး သတ်မှတ်ရေးတို့ကို ညှိနှိုင်းဆွေးနွေး နေကြဆဲ ဖြစ်ပါသည်။ အပြီးသတ်သဘောတူညီချက်ရရှိချိန် သို့မဟုတ် ထိုသို့ရရှိရန်နှင့် သင့်လျော်သော အချိန်တို့တွင် ကြေငြာချက်များအား ထပ်မံ၍ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

မိုဘိုင်းဖုန်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဈေးကွက်ကြီးမားလာစေရန်၊ Telenor Group ၏ ဖြန့်ဖြူးနိုင်စွမ်းအား မြှင့်တင်ရန်နှင့် Yoma Bank ၏ ဘဏ္ဍာရေးဆိုင်ရာကျွမ်းကျင်မှုပေးနိုင်ရန် Digital Money Myanmar က ရည်ရွယ်ထားပါသည်။ ၎င်း၏ “Wave Money” တံဆိပ်ဖြင့် Digital Money Myanmar သည် နိုင်ငံတစ်ဝန်း ဒီဂျစ်တယ်စနစ်ဖြင့် ငွေပေးပို့ခြင်းနှင့် လက်ခံခြင်းလုပ်ငန်းတွင် ဈေးကွက်ဦးဆောင်မှုရရှိရန် ကြိုးပမ်းလျက်ရှိပါသည်။

**အစုရှယ်ယာဝယ်ယူခြင်းမတိုင်မီ Digital Money Myanmar မှ အစုရှယ်ယာပိုင်ဆိုင်မှု**

| *ကုမ္ပဏီ* | *အစုရှယ်ယာ* | *%* | *ဦးစားပေးအစုရှယ်ယာ* | *%* |
|---|---|---|---|---|
| Telenor South East Asia Investment Pte. Ltd. | ၅၀၉,၉၉၈ | ၅၀.၉၉၉၈% | ၄,၁၉၄,၇၅၀ | ၅၁.၀% |
| Telenor Go Pte. Ltd. | ၁ | ၀.၀၀၀၁% | - | - |
| Telenor Global Services Singapore Pte. Ltd. | ၁ | ၀.၀၀၀၁% | - | - |
| Yoma Bank Limited | ၄၉၀,၀၀၀ | ၄၉.၀၀၀၀% | ၄,၀၃၀,၂၅၀ | ၄၉.၀% |

**အစုရှယ်ယာဝယ်ယူပြီးနောက် Digital Money Myanmar မှ အစုရှယ်ယာပိုင်ဆိုင်မှု**

| *ကုမ္ပဏီ* | *အစုရှယ်ယာ* | *%* | *ဦးစားပေးအစုရှယ်ယာ* | *%* |
|---|---|---|---|---|
| Telenor South East Asia Investment Pte. Ltd. | ၅၀၉,၉၉၈ | ၅၀.၉၉၉၈% | ၄,၁၉၄,၇၅၀ | ၅၁.၀% |
| Telenor Go Pte. Ltd. | ၁ | ၀.၀၀၀၁% | - | - |
| Telenor Global Services Singapore Pte. Ltd. | ၁ | ၀.၀၀၀၁% | - | - |
| Yoma Bank Limited | ၅၀,၀၀၀ | ၅.၀၀၀၀% | ၄၁၁,၂၅၀ | ၅.၀% |
| First Myanmar Investment Co., Ltd. | ၄၄၀,၀၀၀ | ၄၄.၀၀၀၀% | ၃,၆၁၉,၀၀၀ | ၄၄.၀% |

အထက်ပါ အစုရှယ်ယာရောင်းဝယ်မှုသည် Digital Money Myanmar ၏ လုပ်ငန်းများအားထိခိုက်မည်ကို မျှော်လင့်မထားဘဲ Telenor Group နှင့် Yoma Bank တို့၏ ကျွမ်းကျင်မှုကို ဆက်လက်မြှင့်တင်ပေးမည် ဖြစ်ပါသည်။ ဤအစုရှယ်ယာဝယ်ယူမှုကို ကုမ္ပဏီ၏အရင်းအနှီးများအား အသုံးပြုဝယ်ယူမည်ဖြစ်ပြီး ဤကြေညာချက်ထုတ်ပြန်သည့်ရက်၌ ကုမ္ပဏီအုပ်စု၏ တစ်စုတစ်ပေါင်းတည်းသော အသားတင်ထိတွေ့ကိုင်တွယ်၍မရသည့် ရပိုင်ခွင့်များ၏ ၂.၄၈% ခန့် ရှိပါသည်။ ဤ အစုရှယ်ယာရောင်းဝယ်မှုသည် ၂၀၁၇ ခုနှစ်၊ မတ်လ(၃၁)ရက် ကုန်ဆုံးသော လက်ရှိဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီအုပ်စု၏ ရှယ်ယာတစ်စုအပေါ်တွင် ရရှိသည့်ဝင်ငွေများအပေါ် များစွာထိခိုက်မှုရှိမည်ကို မျှော်လင့်မထားကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အလုပ်အမှုဆောင်ဒါရိုက်တာ

၂၀၁၆ ခုနှစ်၊ ဇွန်လ (၁)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**

YSX Code 00001

FMI Centre, 10th Floor

380 Bogyoke Aung San Road

Yangon, Myanmar

Tel: (01) 240363

www.fmi.com.mm